

20 years

Seikku Cho Cho

# မောင်ကိုကို(အမရပူရ)

# ဆေးမင်ကြောင်

ဝတ္ထုတို၅ပုဒ်

mgyoe.com

mgyoe.com



# မောင်ကိုကို(အမရပူရ)

## ဆေးမင်ကြောင်

ဝတ္ထုတိုငါးပုဒ်

၁။ ငှက်ပြာလေးနှင့် ကျွန်တော်
၂။ ကျွန်တော်၏ မေမေ
၃။ ဓား
၄။ ဆေးမင်ကြောင်
၅။ ခေတ်ပုံပြင်

ISBN 9789997118219
MKK6
9 789997 118219
1,000.00KS

mgyoe.com

ဆေးမင်ကြောင် ဝတ္ထုတိုများ မောင်ကိုကို(အမရပူရ)
မျက်နှာဖုံးပန်းချီ - တော်တီဆွေ
စာမျက်နှာ ၆၈ မျက်နှာ၊ ၁၂•၈ စင်တီ× ၁၈•၅ စင်တီ

ထုတ်ဝေသူ - ဦးစန်းဦး၊ စိတ်ကူးချိုချိုစာပေ(၀၀၅၃၈)၊ ၈၅၊ ၁၆၄လမ်း၊ တာမွေ၊ ရန်ကုန်။
ပုံနှိပ်သူ - ဒေါ်ဝင်းမာ၊ စိတ်ကူးချိုချိုပုံနှိပ်တိုက်(၀၀၄၁၂)၊ ၁၁၇၉၊ မစိုးရိမ်လမ်း၊ ရန်ကင်း။
၂၀၁၉၊ ဩဂုတ်လ၊ ပထမအကြိမ်၊ အုပ်ရေ ၅၀၀

ရောင်းဈေး ၁၀၀၀ ကျပ်

*email: skccph@gmail.com ; P.O.Box: 705*
*www.facebook.com/SKCCmyanmarbook*
*www.skccmyanmarbook.com*

mgyoe.com

mgyoe.com

စိတ်ကူးချိုချိုစာအုပ်

■ ■ ■ ■ ■ ■ ■ ■ ■

# ဆေးမင်ကြောင်

## ဝတ္ထုတိုများ

မောင်ကိုကို(အမရပူရ)

ပထမအကြိမ်၊ ၂၀၁၃

mgyoe.com

mgyoe.com

mgyoe.com

mgyoe.com

## မာတိကာ


| | | |
|---|---|---|
| ၁။ | ငှက်ပြာလေးနှင့် ကျွန်တော် | ၁ |
| ၂။ | ကျွန်တော်၏ မေမေ | ၁၂ |
| ၃။ | ဓား | ၃၄ |
| ၄။ | ဆေးမင်ကြောင် | ၅၁ |
| ၅။ | ခေတ်ပုံပြင် | ၆၀ |


❒

mgyoe.com

mgyoe.com
mgyoe.com

mgyoe.com

# ငှက်ပြာလေးနှင့် ကျွန်တော်

(၁)

မရန်းပွင့်ဝါဝါလေးတွေ ပွင့်နေကြသည်။ မရန်းပွင့်၏ ရနံ့က မွှေးမွှေး သင်းသင်းထုံထုံလေး ဖြစ်ပါသည်။ မရန်းရွက် ကြမ်းကြမ်းစိမ်းစိမ်း ရင့်ရင့်တွေ၏အကြားမှာ မွေးဖွားခါစ မရန်းသီး နီတာရဲပေါက်စနလေး များကို ကျွန်တော် အူယားစွာ တွေ့ခဲ့ရပြီးပါပြီ။

မေမေနှင့်ကျွန်တော်က မရန်းပင်ကြီးတစ်ပင်အောက်က ကွပ် ပျစ်ကြီးပေါ်မှာ ထိုင်လို့နေကြသည်။ ကျွန်တော့်ခေါင်းပေါ်မှ မရန်း ပင်ကြီး၏ အသက်မှာ အိုမင်းလှပြီ။ ကျွန်တော့်နံဘေးမှာ မူလတန်း ပညာစာအုပ်တွေဖြင့် ဖွဲ့စည်းထားသည့် ကျောင်းလွယ်အိတ်တစ်လုံး ရှိသည်။ ထိုကျောင်းလွယ်အိတ်မှာ အစိမ်းရောင်ဖြစ်၏။

ကျွန်တော့်ရင်ထဲမှာ တစ်ချက် လှိုက်ဖိုသွားဖြစ်သည်။ အဲသည် အချိန်မှာပဲ ငှက်ပြာလေးတစ်ကောင်က ကျွန်တော့်လွယ်အိတ်အစိမ်းပေါ် ကျရောက်လာခဲ့သည်။ မရန်းပင်ပေါ်က လိမ့်ကျလာသည့် ငှက်ကလေး ဖြစ်ပေလိမ့်မည်။

ထိုငှက်ပြာလေးသည် သူ၏အတောင်ပံကို ဖြန့်လိုက်သည်။

mgyoe.com

mgyoe.com



ကျည်ခနဲတစ်ချက် အော်မြည်လိုက်သေး၏။ ပြီးတော့ ကျွန်တော့်ပခုံးပေါ်သို့ သူခုန်၍ကူးလိုက်သည်။ ငှက်ပြာလေးသည် ပခုံးပေါ်မှနေ၍ ရုတ်တရက်ကျွန်တော့်ရှပ်အင်္ကျီ၏အပေါ်ဆုံး ရင်ဘတ်ကြယ်သီးတစ်လုံး ပြုတ်နေသောနေရာသို့ သူ့ခြေထောက်လေးတွေနှင့် တွယ်ကပ်လိုက်၏။ ငှက်ပြာလေး၏ခြေသည်းတွေက ကျွန်တော့်ရင်ဘတ်ကို ကုတ်ခြစ်တော့ စူးစူးမြမြခံစားလိုက်ရ၏။ သူ့နှုတ်သီးလေးက ကျွန်တော့်ရင်ဘတ်ကို ထိုးဆိတ်လိုက်သည်။ ဖျဉ်းခနဲ သွေးတွေ ပန်းလာသလိုဖြစ်ပြီး ငှက်ပြာလေးသည် ကျွန်တော့်ရင်ထဲ ဝင်ရောက်သွားတော့၏။ မျက်လှည့်ပြသလို မြန်ဆန်လိုက်သည့်ဖြစ်ခြင်း။ ကျွန်တော်ဟာ မျက်လှည့်ဆရာရဲ့ အကိုင်အတွယ်ကိုခံနေရသည့် အရာဝတ္ထုလိုပင် ထိုအချိန်က ဖြစ်ပွားခဲ့၏။

ထူးဆန်းသည်မှာ ကျွန်တော့်အသားများ လုံးဝမနာကျင်ခဲ့ခြင်းပင်။

ကျွန်တော့် အသည်းနှလုံးထဲသို့ ငှက်ပြာလေး တိုးဝင်သွားပြီ ဟု ကျွန်တော် ထင်သည်။ အသည်းနှလုံးသည် တုန်ခနဲ လှုပ်ခါသွားပါ၏။

ကျွန်တော့်ရင်ထဲ မှော်ဓာတ်တစ်ခုခု ဝင်ရောက်သွားသလို ခံစားရပြီးနောက် ကျွန်တော်သည် ကျောင်းလွယ်အိတ်ထဲမှ စာအုပ်နှင့် ခဲတံကိုထုတ်ကာ ကဗျာလေးတစ်ပုဒ်ကို အလိုလိုရေးမိသွားတော့၏။

ဘယ်လိုကဘယ်လို အကြောင်းအရာ ကျွန်တော် ရခဲ့သည်မသိ။ ကျွန်တော်ရေးသားသည့် ကဗျာလေးမှာ ကိုဇျတ္တနှင့် မယ်ဝဏ္ဏ တို့၏ ပုပ္ပားတောင်ပေါ်မှ အချစ်ဇာတ်လမ်းဖြစ်နေပါသည်။ တောပန်း တောင်ပန်းတွေ မွှေးအီနေသော အချစ်နှင့်စတင်ပြီး အလွမ်းနှင့် အဆုံးသတ်သွားသည့် ကဗျာလေးဖြစ်၏။

"မေမေ၊ ဟောဒီမှာ သားသား ကဗျာရေးတတ်ပြီ"

ကျွန်တော်က ထအော်လိုက်သည်။

မေမေက ကျွန်တော့်စာအုပ်ထဲမှ ကဗျာလေးကို ယူဖတ်ပြီး

mgyoe.com

mgyoe.com


"သားရဲ့ ကဗျာက ကာရန်လည်း မညီညွတ်ဘူးကွာ။ ကဗျာဆိုတာ ကာရန် ညီညွတ်ရတယ်ကွ။ နောက်ပြီး ကျောင်းစာအုပ်ထဲမှာ အပြင်ကဗျာတွေ မရေးရဘူးနော် သားသား၊ အဲဒီ မေမေ့စကားကို အမြဲမှတ်ထား"

မေမေ့စကားကို ကျွန်တော်ကြားနေသော်လည်း မှတ်သားဖို့ စိတ်မကူးမိပါ။ ငှက်ပြာလေးကို သတိတရနှင့် တွေခနဲ ကျွန်တော် ဖြစ်သွားသည်။

ထိုအချိန်မှာပဲ ငှက်ပြာလေးက ကျွန်တော့်ရင်ထဲမှ ဖြန်းခနဲ ပြေးခုန်ထွက်လာပြီး ကျွန်တော့်မျက်နှာရှေ့မှာ ပျံဝဲပြနေပါသည်။

"အဲဒီကဗျာလေးကို မင်းရေးတယ် ထင်နေသလား၊ အဲဒီ ကဗျာလေးကို ငှက်ပြာလေးရေးတာ"

ငှက်ပြာလေးက ပြောသည်။

ထို့နောက် ငှက်ပြာလေးသည် မရန်းပင်ပေါ်သို့ တစ်ဟုန်ထိုးပျံတက်သွားတော့၏။ မရန်းရွက်စိမ်းစိမ်းတွေ လှုပ်ယမ်းနေသည်။

ကျွန်တော့် ကျောင်းလွယ်အိတ်အစိမ်းပေါ်မှာ မရန်းပွင့်ဝါဝါလေးတွေ ကြွေကျလာသည်ကို ကျွန်တော် တွေ့လိုက်ရ၏။

ကျွန်တော် မေမေ့မျက်နှာကို ကြည့်လိုက်သည်။

မေမေသည် ကျွန်တော့်ကျောင်းလွယ်အိတ်အစိမ်းပေါ်မှ မရန်းပွင့်ဝါဝါလေးတွေကို မြင်တွေ့ကောင်း မြင်တွေ့နိုင်ပါသည်။ ငှက်ပြာလေးနှင့်ပတ်သက်ပြီးမူ မေမေ ဘာတစ်ခုမှမသိသွားခဲ့တာ သေချာသည်။

ကျွန်တော်သည် ငှက်ပြာလေးရဲ့အကြောင်းကို မေမေ့အား ပြန်ပြောမပြဖြစ်ပါ။

ငှက်ပြာလေး လာခဲ့သည့်အတွက် ကျွန်တော်ပျော်သည်။

ငှက်ပြာလေး ကျွန်တော့်ဆီ အလည်ရောက်လာတာကို မေမေမသိခဲ့သည့်အတွက် ကျွန်တော် ပို၍ပျော်သည်။

* * *

mgyoe.com

mgyoe.com



အဲဒီတုန်းက ငှက်ပြာလေးရဲ့ကိုယ်ပေါ်မှာ နှင်းရည်စတွေ တွဲခိုလို့။

သူ ဘယ်သစ်ပင် ဘယ်တောအုပ် ဘယ်နှင်းပွင့်တွေထဲကို တိုးဝင်ဖြတ်သန်းလာခဲ့ရသလဲ။ ကျွန်တော် မသိပါ။

ဟိမဝန္တာတောအုပ်ကိုများ သူဖြတ်သန်းလာခဲ့ပါသေးသလား။ ပင်လယ်ကိုကော သူ ဖြတ်သန်းရဲဝံ့နိုင်သလား။

* * *

(၂)

ကုက္ကိုပင်ကြီးရဲ့အောက်မှာ ထီးအကြီးစားကြီးတွေ များစွာ ရှိနေသည်။ အနီနှင့်အဖြူ ကျားထားသည့် ထီးကြီးတစ်လက်အောက်မှ ကုလားထိုင်လေးပေါ်မှာ ကျွန်တော် ထိုင်နေသည်။ ကျွန်တော့် လက်ထဲမှာ အေးစိမ့်စိမ့် ကိုကာကိုလာဘူး ရှိနေပြီး ကျွန်တော့်နံဘေးမှာတော့ ကျွန်တော်ချစ်တဲ့ သူမ ရှိနေသည်။ သူမ လက်ထဲမှာတော့ ဆန်းကစ်ဘူး ရှိနေ၏။ ထိုဆန်းကစ်ဘူးသည်လည်း အေးစိမ့်နေပါလိမ့်မည်။ ကုက္ကိုရွက်တွေက မြေပြင်ပေါ်မှာ ကြွေကျနေသည်မှာ ဝါရော်လို့ပါလားကွယ်။

"ပြီးကျရင် အင်းလျားဘက်ကို လမ်းလျှောက်ကြမယ်နော်"

သူမက ကျွန်တော့်ကို ပြောသည်။

ကျွန်တော် သူမကို ကြည့်ပြီး ခေါင်းညိတ်ပြလိုက်သည်။ ကျွန်တော် အမြဲချိုမြိန်ခဲ့ရသည့် သူမရဲ့နှုတ်ခမ်းမှာ နှုတ်ခမ်းနီတွေ ရဲတွတ်နေ၏။ သူမ၏မျက်လုံးတွေထဲမှာ ကျွန်တော့်မျက်လုံးတစ်စုံရဲ့ မှေးစင်းရီဝေမှုကို တွေ့နေရ၏။

ကျွန်တော်တို့နှစ်ယောက်စလုံး ဘယ်လိုဖြစ်သွားကြသည် မသိပါ။ ကျွန်တော်တို့အောက်က ကုလားထိုင်လေးတွေမှာရော၊ ကျွန်တော်တို့ ကိုယ်ခန္ဓာတွေမှာရော သံလိုက်ဓာတ်တွေ စီးဆင်းပျော်ဝင်သလို ဖြစ်သွား

mgyoe.com

mgyoe.com


သည်။ မေတ္တာလား၊ ချစ်ရမ္မက်လားဆိုတာ ကျွန်တော်ရော သူမရော ကုလားထိုင်လေး နှစ်လုံးရော မခွဲခြား မစိတ်ဖြာနိုင်ခင်မှာဘဲ ကျွန်တော်တို့ နှစ်ဦး၏ ကိုယ်ခန္ဓာများ နီးကပ်ရစ်နှောင်သွားခဲ့ပါသည်။ ကုလားထိုင်လေး နှစ်လုံးသည် တစ်လုံးရှိရာတစ်လုံး ရွေ့လျားခဲ့၏။ လေအငွေ့မှာ ကုက္ကိုရွက်ဝါလေးတွေ ဖွေးဖွေးလှုပ် ကြွေဆင်းလာပြီး ထိုလေထဲမှာ လွင့်မျောနေကြသည်။

အဲသည့်အချိန်မှာပဲ ဖြုန်းဆို ငှက်ပြာလေးက ကျွန်တော့်ပခုံးပေါ် ရောက်ချလာသည်။ ကိုကာကိုလာဘူးကို ကိုင်ထားသည့် ကျွန်တော့် လက်များမှာ အချစ်နတ်ဖမ်းစားမှုကြောင့် တုန်ယင်နေခဲ့သည်။ ထို ကိုကာကိုလာဘူးပေါ်မှာပင် ငှက်ပြာလေးက လာရောက်ခိုနားကာ ကျည်ခနဲ အော်မြည်လိုက်၏။ ကိုကာကိုလာဘူးထဲမှာ ပျော်ဝင်စီးနင်းနေမည့် အချစ်နတ်သည် သံဘူးထဲမှ ခုန်ထွက်ကာ ကုက္ကိုပင်ပေါ် တက်သွားတာကို ကျွန်တော်မြင်လိုက်ရ၏။

ငှက်ပြာလေးကတော့ အေးအေးဆေးဆေးပဲ ကျွန်တော့်ကို ကြည့်နေပါသည်။

ပြီးရော ... ပြီးရော။

ကျွန်တော် ငှက်ကလေးကို မြင်ကာ အံ့ဩထိတ်လန့်သွားသလို ရင်ထဲ၌ဖိုသွား၏။

ကျွန်တော့် ခန္ဓာကိုယ် တောင့်တင်းသွားသည်။

"ရှင် ဘယ်လိုဖြစ်သွားတာလဲ ဟင်။ ကျွန်မရဲ့ ဒေါက်မြင့်ဖိနပ်က ရှင့်ခြေထောက်ကို နင်းမိသွားလို့လား"

"မဟုတ်ဘူး။ ကိုယ့်ရှေ့မှာ ငှက်ပြာလေး လာနေတယ်"

"ဘယ်မှာလဲဟင်၊ ရှင်ပြောတဲ့ ငှက်ပြာလေးဆိုတာ ကျွန်မဖြင့် ဘာမှ မတွေ့ရပါလား"

mgyoe.com

mgyoe.com



"ကိုယ်ငယ်ငယ်တုန်းက ကိုယ်တို့ခြံဝင်းထဲက မရန်းပင်ကြီး အောက်မှာ ကိုယ်နဲ့ကိုယ့်မေမေနဲ့ အတူတူထိုင်နေကြတုန်း မရန်းပင် ပေါ်က ပြုတ်ကျလာတဲ့ ငှက်ကလေးပေါ့ နီနီရဲ့။ အခု သူက ကုက္ကိုပင်ပေါ် က ပြုတ်ကျလာပြီး ကိုယ့်ပခုံးပေါ် ခိုနားတယ်။ အခုတော့ ကိုယ့် အချို ရည်ဘူးပေါ် နားနေတယ်လေ"

သူမ၏ မျက်လုံးများသည် ကျွန်တော်၏ မျက်နှာကို ကြည့်ကာ အထိတ်တလန့်ဖြစ်သွားခဲ့သည်။

"ကျွန်မတော့ ရှင်ပြောတဲ့ ငှက်ကလေးကို မမြင်ပါဘူး ရှင်ရယ်။ ချစ်သူ ...၊ ရှင် တကယ်ရူးသွပ်သွားခဲ့ပြီ ထင်တယ်နော်"

ငှက်ကလေးသည် ကျွန်တော့်ကို သူ့မျက်လုံးလေးတွေဖြင့် စွေစွေ စောင်းစောင်းလေး တစ်ချက်ကြည့်လိုက်ကာ ဖရုံးဆို ရုတ်တရက် ပျံသန်း သွားတော့၏။ ငှက်ကလေးသည် ကုက္ကိုပင်ပေါ်သို့ ပျံတက်မသွားဘဲ အင်းလျားကန်ဘက်သို့ ပျံသန်းသွားပါသည်။

ကျွန်တော်နှင့် သူမသည် အင်းလျားကန်ဘက်သို့ ခြေမဆန့်မိကြ ဘဲ သူမက ရန်ကုန်မြို့ထဲက သူမရဲ့အိမ်သို့ ပြန်သွားပြီး ကျွန်တော်က အဆောင်သို့ ပြန်ခဲ့ပါသည်။ အဲဒီနောက်မှာတော့ သူမသည်လည်း မိန်းမသားတို့၏ ထုံးစံအတိုင်းပင် ကျွန်တော့်ကို စွန့်ခွာသွားခဲ့ပါသည်။

* * *

ကျွန်တော့်ဆံပင်တွေ ပိုမိုရှည်လျားလာခဲ့သည်။ ကျွန်တော် စီးကရက်တွေ ပိုမိုသောက်လာဖြစ်ခဲ့သည်။ ကျွန်တော် ပိုင်ဆိုင်သည့် နေ့ရက်တွေကို ခရမ်းရောင်ဆေးသားများဖြင့် ပက်ဖျန်းပစ်လိုက်သည်။

ကျွန်တော်သည် တက္ကသိုလ် ပရဝဏ်ထဲမှာရော၊ အင်းလျားကန် နံဘေးမှာရော၊ ပန်းဆိုးတန်းမှာရော၊ လှည်းတန်းမှာရော၊ ကမ်းနား

mgyoe.com

mgyoe.com


တစ်ဝိုက်မှာရော၊ ရွှေတိဂုံဘုရားလမ်းမှာရော၊ စိန်ပန်းပင်တွေအောက်မှာရော၊ ကံ့ကော်ပင်တွေအောက်မှာရော တစ်ယောက်တည်း လေလွင့်တေပေစွာ လမ်းလျှောက်နေခဲ့ပါသည်။

ကျွန်တော့်ကိုယ်ပေါ်မှာ သစ်ရွက်ဝါဝါတွေ ကြွေကျနေသည်။ ကျွန်တော့် ဆံပင်ပေါ်မှာ မိုးစက်တွေ ကြွေကျနေသည်။ ကျွန်တော့် အင်္ကျီခရမ်းရောင်ပေါ်မှာ နှင်းပွင့်ဖြူတွေ ကြွေကျနေသည်။

ထိုနှစ်က ကျွန်တော် စာမေးပွဲကျခဲ့ပြီး တက္ကသိုလ်အနီးက အပြင်ဆောင်တစ်ဆောင်သို့ ရောက်ရှိသွားပါသည်။

ကျွန်တော်သည် အဖြူရောင်ရှပ်အင်္ကျီကို ဝတ်ဆင်ထားသောတစ်နေ့မှာ အဆောင်ရှေ့က မြေစိုက်သစ်ခွ ပန်းပွင့်အဖြူများကို ငေးမောကြည့်နေမိသည်။ နီနီပေးခဲ့သည့် ဒဏ်ရာလည်း ကျက်လုနီးပေပြီ။ ထိုအချိန်မှာပင် ငှက်ပြာလေးက မြေစိုက်သစ်ခွပင်အခြေမှာ လာရောက်ခိုနားလိုက်သည်။ သူ့ကိုတွေ့တော့ ကျွန်တော်အရမ်းရွှင်မြူးသွားသည်။ ကျွန်တော့်အပေါ် တကယ်ကောင်းသည့် မိတ်ဆွေကောင်းတစ်ဦးနှင့် တွေ့လိုက်ရသလိုပါပဲ။

သည်တစ်ခါတော့ ငှက်ပြာလေးသည် ကျွန်တော့်ကို အကျအနသီချင်းဆိုပြနေပါပြီ။ ကျွန်တော် တစ်ခါမျှမကြားခဲ့ဖူးသည့် သီချင်းအသစ်တစ်ပုဒ်ဖြစ်ပါသည်။ နှမ်းဖျော့မှုလည်း မပါဝင်၊ ကြေကွဲ ဆွေးမြည့်မှုလည်း မပါဝင်သည့် သီချင်းဖြစ်ပါသည်။ သူ သီဆိုသောတေးများကြောင့် ကျွန်တော် ပျော်ရွှင်အားရှိသွားခဲ့သည်။ ငှက်ကလေးက ကျွန်တော့်ကိုယ်ထဲ ဂလူးကို့စ်တွေ သွင်းပေးနေခဲ့သည်။

"လာ လိုက်ခဲ့"

ငှက်ကလေးက အမိန့်ပေးသလို ပြောသည်။ သူခေါ်ရာသို့ ကျွန်တော် လိုက်သွားခဲ့သည်။ တက္ကသိုလ်စာကြည့်တိုက်ကြီးတစ်ခုဆီသို့

mgyoe.com

mgyoe.com


ဖြစ်ပါသည်။ ငှက်ကလေးက ကျွန်တော့်ကို ရာဇဝင်သမိုင်းစာအုပ်များ ထားရာသို့ ခေါ်သွားခဲ့သော်လည်း ကျွန်တော်က ကဗျာစာအုပ်များကို ချည်း မထတမ်း လိုမ့်ဖတ်နေလိုက်ပါသည်။

ညနေရောက်တော့မှ တက္ကသိုလ်ပရဝဏ်မှ ကျွန်တော်နှင့် ငှက်ကလေး အတူတူပြန်ထွက်လာခဲ့သည်။

"တွေ့လား ကြည့်ထား၊ ဒါလည်း ဘဝပဲ"

ငှက်ကလေးက သူ့နှုတ်သီးချွန်ချွန်နှင့် ကျွန်တော့်လည်ကုပ်ကို ဆိတ်ပြီး ပြောသည်။

သူ ပြတာ ကျွန်တော်ကြည့်လိုက်တော့ ကျောင်းအပေါက်ဝမှာ စီးကရက်ရောင်းသည့် ကောင်ကလေးနှင့် ကွမ်းယာသည် ကောင်မလေး ကို နွမ်းနွမ်းပါးပါး ပုံသဏ္ဌာန်ဖြင့် တွေ့ရ၏။

* * *

(၃)

အဆောက်အအုံကြီးတစ်ခု၏ အခန်းတစ်ခန်းထဲက ကုလားထိုင် တစ်လုံးပေါ်မှာ ကျွန်တော် ထိုင်နေသည်။ ကျွန်တော့်ခေါင်းပေါ်က မျက်နှာကြက်ဆီမှာ ပန်ကာရှိပြီး ကျွန်တော့်ရှေ့မှာ စားပွဲတစ်လုံးရှိ၏။ အခန်း၏ထောင့်တစ်နေရာတွင် တယ်လီဖုန်းတစ်လုံးရှိသည်။ ကျွန်တော် က စားပွဲအံဆွဲကို ဖွင့်လိုက်ပိတ်လိုက် လုပ်နေ၏။

ငှက်ကလေးသည် တစ်ခါတစ်ရံ ကျွန်တော့် အံဆွဲထဲ ဝင်ရောက် ပုန်းခိုနေ၏။ ကျွန်တော့်စားပွဲဘေးမှာ စားပွဲတွေရှိနေပြန်သည်။ ထိုစားပွဲ နောက်က ကုလားထိုင်တွေမှာလည်း လူတွေထိုင်နေကြ၏။ ကျောင်းပြီး ခါစ မဟုတ်မခံ ပြောတတ်ဆိုတတ် တိုက်ခိုက်တတ်သော ကျွန်တော် သည် နံဘေးက လူများနှင့် မကြာခဏ ဘာသာပြန်လွဲချော်တတ်လေ၏။

mgyoe.com

mgyoe.com


ကျွန်တော်က ကျဉ်းမြောင်းသည့် အခန်းထဲမှာ မှို၍ကျဉ်းမြောင်းသည့် အယူအဆတွေနှင့် အတူတူ မနေထိုင်ချင်။ သူတို့မျက်လုံးများသည် သေးငယ်ပြီး ကျဉ်းမြောင်းကြ၏။ ငှက်ကလေးက အံဆွဲထဲမှ ထွက်လာပြီး ကျွန်တော့်ရင်ထဲ ဝင်သွားပြန်သည်။

ညနေစောင်းချိန် ကွန်ကရစ်လှေကားအတိုင်း ကျွန်တော် ဆင်းလာချိန်မှာတော့ ငှက်ကလေးက ကျွန်တော့်ရင်ထဲမှ ထွက်လာပြီး ကျွန်တော့်ပခုံးပေါ် နားလျက်ပါလာ၏။ နေ့လယ်နေ့ခင်းက ကျွန်တော် အဖုအထစ်ဖြစ်ခဲ့ရမှုများ၊ ကျွန်တော့်သွေးသားများ တင်းမာနာကျင် ကိုက်ခဲခဲ့ရမှုများအတွက် ငှက်ကလေးက သူ့တေးဖြင့် ဖျောင်းဖျ ဖြေသိမ့်တတ်ပေ၏။ ကျွန်တော့်သွေးသားတွေကို ချက်ချင်း အလဲအလှယ်လုပ်ပေးလိုက်သည့် သဘောမျိုး ခံစားရ၏။

နေ့ခင်းတုန်းက လူတွေနှင့်ဘာသာစကား လွဲချော်ခဲ့ရသော ကျွန်တော့်မှာ ငှက်ပြာလေးနှင့်တော့ ဘယ်တုန်းကမှ မကွဲလွဲကြဘူးဟု ထင်သည်။ ငှက်ကလေးကြောင့် ကျွန်တော့်ညများ စိမ်းမြခဲ့၏။ ကျွန်တော်နှင့် ငှက်ပြာလေးသည် မြစ်ကမ်းနံဘေး မြက်ခင်းစိမ်းပေါ်တွင် သီချင်းသံပြိုင် သီဆိုခဲ့ရာ ကြယ်ကလေးများက ကျွန်တော်တို့ သီချင်းကို နောက်နားမှ Hum လိုက်ပေးခဲ့ပါသည်။ လမင်းကတော့ ကျွန်တော်တို့ကို ပြုံးပြုံးလေး ငေးမောလျက်ပေါ့။

ညမိုးချုပ်မှ ငှက်ကလေးနှင့်ကျွန်တော် အိမ်သို့ ပြန်ခဲ့ကြပါသည်။ ည အိပ်ရာဝင်ခါနီးမှာတော့ ငှက်ကလေးနှင့်ကျွန်တော် ပန်းသီးတစ်လုံးကို အတူတူခွဲဝေစားကြသည်။

"အဆောက်အအုံကျဉ်းကျဉ်းလေးထဲမှာမှ လူတွေက တစ်ဦးနဲ့တစ်ဦး တိုက်ခိုက်ထိုးနှက်ကြတာ မဟုတ်ဘူး၊ ကမ္ဘာကြီးထဲမှာလည်း လူတွေဟာ တစ်ဦးနဲ့တစ်ဦးတိုက်ခိုက်ထိုးနှက်ကြတာပဲ။ ဒါဟာ မောဟထု

mgyoe.com

mgyoe.com



ပြောသူတွေရဲ့အလုပ်၊ အတ္တကြီးပြီး သဘောထား မကျယ်ပြန့်သူတွေရဲ့ အလုပ်၊ နိုင်လိုမင်းထက် ဆက်ဆံသူတွေရဲ့အလုပ်၊ ကိုယ်က မွန်မြတ်သန့်စင်တဲ့လမ်းကို ရွေးချယ်ပြီးသွားခဲ့ရင် မင်းရင်ထဲမှာ ပူစပ်ပူလောင် မဖြစ်ရဘူးပေါ့ကွာ"

ငှက်ပြာလေးက ကျွန်တော့်ကို ပြောသည်။

ကျွန်တော်သည် ဖန်ပြာခွက်ဖြင့် ရေခပ်သောက်လိုက်ပါသည်။ ငှက်ကလေးကိုလည်း ရေတိုက်လိုက်ပါသည်။ ကျွန်တော်က ရေသိပ်ငတ်မွတ်နေခဲ့သော်လည်း ငှက်ကလေးကမူ ထိုသို့မဟုတ်ပေ။ သူ့ရင်ထဲမှာ အေးမြစိမ့်ချို ကျောက်စက်ရေတွေရှိပြီးသား ဖြစ်နေပေလိမ့်မည်။

* * *

အခုတော့ ငှက်ပြာလေး ကျွန်တော့်ထံ ရောက်မလာခဲ့သည်မှာ အတော်ကြီး ကြာမြင့်သွားပါပြီ။ ဇန်နဝါရီလတုန်းက သူရောက် မလာခဲ့သလို မေလမှာလည်း သူ မလာခဲ့ပါ။ ပန်းများပွင့်သော အချိန်မှာဖြစ်စေ၊ နှင်းများဝေသော နံနက်မှာဖြစ်စေ သူ လုံးဝမလာခဲ့ပါ။ မြစ်ကမ်းပါးမှာ သူ့ကိုရှာဖွေရမည်လား၊ သစ်ပင်အောက်မှာ သူ့ကို ရှာဖွေရမည်လားဟု တစ်ခါတစ်ရံ ကျွန်တော် တွေးမိသောအခါ ကျွန်တော် လိပ်ပြာမသန့်ဘဲ ကျွန်တော့်အလုပ်များ လွဲလွဲချော်ချော် လုပ်မိတတ်သည်။ တကယ်တမ်းတွင် သူ့ကို ကျွန်တော် တစ်ရံတစ်ဆစ်မျှ မရှာဖွေဖြစ်ခဲ့ပါ။

ကျွန်တော့် အိပ်မက်ထဲမှာတော့ ငှက်ပြာလေးသည် ကျွန်တော့် အိပ်ရာခေါင်းရင်း ပြတင်းပေါက်မှာ နားခိုကာ ကျွန်တော့်ကို သူစိမ်းတစ်ရံဆံစွာ တစ်ချက်ကြည့်လိုက်ပြီး သူ ချာခနဲလှည့်ကာ ပျံသန်းသွားခဲ့ဖူးသည်။ ပင်လယ်ရဲ့ ဟိုဘက်ဆီလား၊ ဟိမဝန္တာရဲ့ဟိုဘက်သို့လား။ သူ ဘယ်ဆီပျံသန်းသွားလေသည်ကို ကျွန်တော် မသိပါ။

mgyoe.com

mgyoe.com



ကျွန်တော်ကတော့ မနက်မိုးလင်းလျှင် စီးကရက်တစ်လိပ်ကို ခပ်မိုက်မိုက်ခဲကာ ငွေထုပ်တွေပေါ် ကားရားခွထိုင်ပြီး အပေါ်စီးမှ နေ၍ လမ်းမပေါ်က လူတွေကို ခပ်တည်တည် မှုန်တေတေ ကြည့်တတ်ခဲ့လေပြီ။ စက်သံတွေကို ကျွန်တော် ကြားနေရသည်။ စက်အသစ်တွေကို ကျွန်တော် သဘောကျသည်။ ကျွန်တော့်မိတ်ဆွေ၊ သူငယ်ချင်းတွေ၊ ဆွေမျိုးတွေနှင့် ဟက်ဟက်ပက်ပက် စကားမပြောဖြစ်သည်မှာ ကြာခဲ့ပြီ။ ကျွန်တော့်အနီးနားမှာ အဆင်သင့်ရှိနေသော ချော့ကလက်ရောင် 'မယ်လမင်း' ခွက်ကြီးတစ်ခွက်ထဲမှ အငွေ့တထောင်းထောင်းထနေသော 'နက်စ်အောလ်' ကို ကျွန်တော် မော့သောက်ချလိုက်၏။

ကျွန်တော့်ခန္ဓာကိုယ်က တုတ်ခိုင်မာကျောပြီး ကျွန်တော့်ဆံပင်က ခပ်တိုတိုရယ်လေ ...။ ။

မဟေသီမဂ္ဂဇင်း၊ ဇူလိုင်၊ ၁၉၉၇။

❒

mgyoe.com

mgyoe.com

# ကျွန်တော်၏ မေမေ

(၁)

အိပ်ရာကနိုးသည်နှင့် ကျွန်တော် ပထမဦးဆုံးကြားရသည့်အသံမှာ လမ်းမပေါ်က မြင်းလှည်းတစ်စီး ကဆုန်ချ မောင်းနှင်သွားသံဖြစ်ပါသည်။

ကျွန်တော့် အဆောက်အအုံငယ်၏တံခါးများ အလုံပိတ်ထားပါသည်။

ကျွန်တော့်ဖေဖေ ပိုင်ဆိုင်သည့် ရက်ကန်းစက်ရုံနှင့် မျက်နှာချင်းဆိုင် နံကပ်တိုက်ကလေးတစ်လုံးထဲမှာ ကျွန်တော်တစ်ယောက်တည်းပဲ အိပ်ပါသည်။

ကျွန်တော့်ဖေဖေ စက်ရုံနှင့် ကျွန်တော်၏ နံကပ်တိုက်ကလေးမှာ ကတ္တရာလမ်းခြားထားပါသည်။ ညအခါ ဖေဖေ့စက်ရုံမှ စက်ရက်ကန်းခတ်သံများကို ကျွန်တော်ကြားနေရ၏။ အုတ်တံတိုင်းပေါ်မှ လျှပ်စစ်မီးအိမ်များ မီးလင်းနေတာကိုလည်း ညတုန်းက ကျွန်တော် တွေ့ခဲ့ရ၏။

ဖေဖေသည် စက်ရုံထဲမှာ မအိပ်မနေ စီမံခန့်ခွဲနေတတ်သော်လည်း ဖေဖေ့စက်ရုံမှ ကိန်းဂဏန်းများ၊ စီမံခန့်ခွဲမှုများနှင့် နံကပ်တိုက်ကလေးထဲက ကျွန်တော်မှာ ဘာမျှမပတ်သက်သလိုဖြစ်နေ၏။

mgyoe.com

mgyoe.com


သို့အတွက် ကျွန်တော့်မှာ လွတ်လပ်သည်။ အခု ကျွန်တော် အိပ်သောအိမ်မှာ ဖေဖေ့အိမ်ပင်ဖြစ်သော်လည်း ကျွန်တော့်မှာ သီးခြား လွတ်လပ်သော ခံစားမှုများနှင့် နေထိုင်ရ၏။ ထိုအခွင့်အရေးအတွက် ကျွန်တော် ကျေနပ်မိပါ၏။

အိမ်ရှေ့ ကတ္တရာလမ်းမနှင့် ကဆုန်ပေါက်ပြေးနေသော မြင်း၏ ခွာများ ထိတွေ့မှုမှ တကယ့်ကို လှပခမ်းနားပြေပြစ်သော မြင်းခွာသံများ အဆက်မပြတ် ဖြစ်ပေါ်လာသည်။

ပြေးနေသောမြင်းမှာ အုန်းခွံရောင်လား၊ အဖြူရောင်လား၊ အနီရောင်လား ကျွန်တော်မသိသော်လည်း ထိုမြင်း၏ခွာသံများမှာ အလွန် လှပလုံခြုံ၏။ ညွတ်ကွေးလိုက်၊ ဆန့်တန်းလိုက်ဖြင့် စည်းချက်ညီညီ လျင်မြန်စွာ လှုပ်ရှားနေသော မြင်း၏ခြေထောက်များကို ကျွန်တော့် တိုက်ကလေး၏ အပြာနုရောင်နံရံပေါ်မှာ ကျွန်တော် တွေ့မြင်နေရသလို ခံစားလာရသည်။

မြင်းခွာသံများကို ထပ်မံပံ့ပိုးအားဖြည့်ပေးနေသည့် ဂီတသံမှာ မြင်း ခြူသံများဖြစ်ပါ၏။

ကျွန်တော့် နံကပ်တိုက်ကလေး၏ မီးခိုးပြာရောင် ပြတင်းပေါက် ကို ကျွန်တော်ဖွင့်လိုက်လျှင် ပြေးနေသော မြင်းလှည်းတစ်စီးကို ကျွန်တော် မျက်ဝါးထင်ထင် ကောင်းကောင်းကြီး တွေ့လိုက်ရပေလိမ့်မည်။

ကျာပွတ် မလိုအပ်သည့်မြင်းဖြစ်ပေမည့် ကျာပွတ်ရိုက်သံတွေကို ရွှမ်းခနဲ ရွှမ်းခနဲ ကျွန်တော် ကြားလိုက်ရ၏။ ကျာပွတ်ရိုက်သံ ရွှမ်းရွှမ်းနှင့် တစ်ဆက်တည်းမှာပဲ မြင်းပြေးသံတွေ၊ မြင်းခွာသံတွေက ပိုပြီး မြန်ဆန် သွားသည်။ ပိုပြီးလည်း အသေးစိတ်ဆန်သွားပါ၏။

ကျွန်တော်သည် ပြတင်းပေါက်ကို ထပြီး မဖွင့်လိုက်မိပါ။ ကျွန်တော့်ပြတင်းပေါက်ကို ဖွင့်လိုက်လျှင်လည်း မြင်းလှည်းသည်

mgyoe.com

mgyoe.com


ကျွန်တော့်အိမ်ရှေ့က ကျော်လွန်သွားလောက်ပါပြီ။ သို့ရာတွင် မြင်းလှည်း၏ နောက်မြီးပိုင်းကိုတော့ မြင်လိုက်နိုင်ပါသည်။

ပြတင်းပေါက်မှ ဆက်လက်စောင့်ဆိုင်းကာ ကတ္တရာလမ်းမဆီ ကြည့်နေမည်ဆိုပါက ကျွန်တော်သည် နောက်ထပ်မြင်းလှည်းတစ်စီး လာနေတာကို အမှန်တကယ် တွေ့မြင်ရပါလိမ့်မည်။

ကျွန်တော်သည် အိပ်ရာထဲ၌ဆက်ပြီး နှပ်နေမိပါ၏။

နောက်ထပ် မြင်းလှည်းတစ်စီး ဖြတ်သန်းသွားသည့်အသံကို ကျွန်တော့်အိပ်ရာထဲမှ ကြားရပြန်သည်။ အုန်းခွံရောင်မြင်းကြီးဖြစ်ပေလိမ့်မည်။ မြင်းလှည်းဆရာသည် မြင်းလှည်း၏ထိပ်ပိုင်းမှာ ထိုင်နေမည်။ သူ့လက်ကို လေထဲသို့ ဇွဲ့ယမ်းကာ မြှောက်လိုက်ဆမည်။ သူ့ လက်ထဲမှ မြင်းရိုက်ကြာပွတ်ကြိုးသည် လေထဲမှာ အချိန်အတန်ငယ် ဝဲ့ဝဲနေပြီးမှ မြင်း၏ကျောပြင်ပေါ်သို့ ဖြန်းခနဲ ကျရောက်သွားမည်။ မြင်းခွာသံများသည် အသေးစိတ်ဆန်စွာဖြင့် ပိုမိုဆူညံဟည်းထသွားမည်။

ကျွန်တော့်မေမေကို လှိုက်ခနဲ သတိရလို့သွားမိပါသည်။

* * *

(၂)

ကျွန်တော် ဆယ့်သုံးနှစ်သားတုန်းက မေမေသည် ကျောင်းဆရာမ တစ်ဦး ဖြစ်နေခဲ့သေးသည်။ ထိုအချိန်မှာပင် မေမေသည် မဂ္ဂဇင်းထဲ၌ ဝတ္ထုတိုလေးတွေ ရေးစပြုသည့် စာရေးဆရာမတစ်ဦးလည်း ဖြစ်နေခဲ့ ပါသည်။

ကျွန်တော့် မေမေရေးသည့်ဝတ္ထုလေးတွေမှာ ကျွန်တော့်ဖေဖေ အကြောင်းများတော့ မဟုတ်ခဲ့ပါချေ။ မေမေသည် ဖေဖေရဲ့အကြောင်း အရာကို ဘာကြောင့် မရေးဖွဲ့ပါသလဲ။

mgyoe.com

mgyoe.com


ရန်ကုန်မြို့ကနေ အတင်းအဓမ္မ သွေးဆောင်ဖြားယောင်း ခေါ်ဆောင်ခံခဲ့ရသော ကလေးငယ်တစ်ယောက် ကျွန်တော်တို့မြို့ အရှေ့ဘက်ဆီက ဈေးထဲမှာ ပိုက်ဆံတောင်းနေတာ၊ ထိုကလေးက ထွက်ပြေးလွတ်မြောက်ဖို့ ကြိုးစားတာ၊ ထိုကလေးကို ခေါ်ဆောင်လာခဲ့သည့် လူတွေမှာ ကလေးတွေ တော်တော်များများကို ထိုနည်းဖြင့် ခေါ်ဆောင်လာခဲ့ကာ ဈေးတွေဖြန့်ပြီး ပိုက်ဆံတောင်းခိုင်းတာ၊ ကလေးများ ထွက်ပြေးသောအခါ ထိုလူတွေက ပြန်လည်ဖမ်းဆီးနှိပ်စက်တာ၊ နောက်ဆုံးမှာတော့ ကလေးသည် ရပ်ကွက်အကူအညီယူပြီး ဖမ်းဆီးထားသူများ၏ ကျော့ကွင်းထဲမှ လုံးဝလွတ်မြောက်သွားတာ၊ ထိုအကြောင်းအရာကို မေမေက ဝတ္ထုတစ်ပုဒ်အဖြစ် ဖွဲ့ဆိုခဲ့ဖူးသည်။

နောက်ထပ်ဝတ္ထုတစ်ပုဒ်ကတော့ ကျွန်တော်တို့မြို့၏ တောင်ဘက်ရှိ ရွာတစ်ရွာထဲမှ အဘိုးအိုတစ်ယောက်အကြောင်း ဖြစ်ပါသည်။ ထိုအဘိုးအို ငယ်စဉ်တုန်းက သူသည် ကျွန်တော်တို့မြို့သူမြို့သားများအတွက် ပြည်တွင်းဖြစ် စက်ရက်ကန်းစင်များကို တီထွင်ထုတ်လုပ်ခဲ့တာ၊ အသက်ခုနစ်ဆယ်အရွယ်မှာ ထိုအဘိုးအိုသည် သူဌေးကြီးတစ်ဦး ဖြစ်မလာဘဲ ကိုယ်တိုင်တီထွင်ခဲ့သော စက်ရက်ကန်းစင်လေးတစ်စင်သာ ပိုင်ဆိုင်ပြီး ထိုစက်ရက်ကန်းစင်မှ ထုတ်လုပ်သမျှ ပုဆိုးများကို ကိုယ်ကိုယ်တိုင် တစ်မြို့တစ်ရွာသို့ ညအိပ်ညဥ့်နေ သွားရောက်ရောင်းချခဲ့ရသည့်အကြောင်းကို မေမေ ရေးဖွဲ့သည်။

ကျွန်တော် ဆယ့်သုံးနှစ်သားအရွယ်တုန်းက ...

"မေမေ ... ဝတ္ထုတစ်ပုဒ်ရေးရင် ဘယ်လောက်ရလဲဟင်" ဟု မေမေ့ကို ကျွန်တော် မေးဖြစ်ခဲ့ဖူးသည်။

"တစ်ပုဒ်မှ ငါးဆယ်ပါ သားလေးရယ်"

မေမေက ပြုံးပြုံးလေး ဖြေပါသည်။

mgyoe.com

mgyoe.com


မေမေ၏အပြုံးကို ထိုအချိန်က ကျွန်တော် ခွဲခြမ်းစိတ်ဖြာကြည့်ပါသည်။ မေမေ၏အပြုံးမှာ မချိုပြုံးလေးမဟုတ်ဘဲ ကိုယ်လုပ်ဆောင်သည့် လုပ်ရပ်အပေါ်မှာ ကျေနပ်နှစ်သက်သည့် အပြုံးမျိုးဖြစ်တာကို ကျွန်တော် တွေ့ရပါသည်။

လူတွေဟာ ကိုယ်လုပ်နေသည့်လုပ်ရပ်အပေါ်မှာ တကယ် နှစ်ထောင်းအားရ ကျေနပ်ကြပါသလား။ လူတွေဟာ ကိုယ်လုပ်နေသည့် လုပ်ရပ်အပေါ်မှာကော သန့်ရှင်းစင်ကြယ်သည်ဟု ယူဆကာ လိပ်ပြာလုံနိုင်ကြပါသလား။ ကျွန်တော် တွေးတောကြည့်ခဲ့ဖူးပါသည်။

"မေမေ ဘာလို့ အခုလို ဝတ္ထုတိုလေးတွေ ရေးတာလဲဟင်"

မေမေ့မျက်နှာက တွေးတွေးဆဆလေးဖြစ်သွားသည်။

"သားရဲ့ဖေဖေကို မေမေ စကားပြောလို့မရဘူး သားရယ်။ သားဖေဖေနဲ့မေမေနဲ့ဟာ ဘာသာစကား မတူညီသူနှစ်ဦးလိုပါပဲ။ အပြန်အလှန်ပြောဆို ဆက်ဆံလို့မရတဲ့ ဘာသာစကားနှစ်မျိုးကို တစ်ဦးစီမှာ ပိုင်ဆိုင်ထားကြတယ်။ သားရဲ့ဖေဖေက နေ့စဉ် လူတွေ အများကြီးနဲ့ ဆက်ဆံနေရတာ သားတွေ့မှာပေါ့။ သားဖေဖေက လူတွေကို ကုန်ကြမ်းတွေ ထုတ်ပေးတယ်။ သားဖေဖေဆီ လူတွေက ကုန်ချောတွေ လာသွင်းကြတယ်။ ဒါပေမဲ့ အဲဒီလူတွေအပေါ်မှာပဲ သားဖေဖေ ရှုမြင်ပုံနဲ့ မေမေ ရှုမြင်ပုံတို့ဟာ မတူညီတဲ့အပြင် လုံးဝဆန့်ကျင်ဘက် ဖြစ်နေပါရောလားသားရယ်။ သားဖေဖေက လူတွေကို အသုံးပြုပြီး သူ့လုပ်ငန်းကြီးပွားချင်တယ်။ လူတွေနဲ့ဆက်ဆံတာဟာ သူအကျိုးရှိဖို့ပဲ သူ ရည်ရွယ်တယ်။ မေမေက လူတွေကို ဆက်ဆံတာဟာ မေမေ့စွမ်းအားနဲ့ လူတွေကို ဘယ်လိုကူညီလုပ်ဆောင်ပေးနိုင်မလဲ၊ အဲဒါကို စဉ်းစားတယ်။ မေမေ့အနားက လူတွေတင်မဟုတ်ဘဲ လူတွေအားလုံးကို အစစ်အမှန်စကားလုံးတွေနဲ့ နွေးထွေးချင်တာဆိုတော့ မေမေ ဝတ္ထုရေးဖြစ်သွားတာပေါ့။ သားဖေဖေကို ပြောပြ

mgyoe.com

mgyoe.com


လို့မရတဲ့ စကားလုံးတွေ မေမေ့ဝတ္ထုတွေကတစ်ဆင့် လူတွေတော်တော် များများကို မေမေပြောပြပြီး နားလည်မှုချင်း ဖလှယ်လို့ရတယ်လေ သား ရယ်"

မေမေပြောသည့် စကားလုံးများ၏အဓိပ္ပာယ်ကို ထိုအချိန်က ကျွန်တော် လုံးစေ့ပတ်စေ နားမလည်ခဲ့ပါ။ သို့ရာတွင် မေမေပြောသည့် ထိုစကားလုံးများကို ကျွန်တော်၏ မှတ်စုစာအုပ်ထဲတွင် အလေးအနက် မှတ်သားထားဖြစ်ခဲ့ပါသည်။

စာတိုက်မှတစ်ဆင့် ရောက်လာတတ်သည့် မေမေ့ဝတ္ထုပါဝင် နေမည့် မဂ္ဂဇင်းစာအုပ်လေးပေါ်မှ ဂျပ်စက္ကူပါကင်ကို မေမေ ဖွင့်လှစ်နေပုံ၊ မေမေက ထိုမဂ္ဂဇင်းစာအုပ်၏ မာတိကာကို အရင်လှန်ကြည့်ကာ မေမေ့ ဝတ္ထုဖော်ပြထားသည့် စာမျက်နှာကို လှန်လှောလိုက်ပုံ၊ မေမေ့ဝတ္ထုကို သရုပ်ဖော်သည့် ပန်းချီသရုပ်ဖော်ပုံကို မေမေ ကြည်နူးကျေနပ်စွာ ကြည့်ရှု နေပုံ၊ ထိုမဂ္ဂဇင်းစာအုပ်လေးကို မေမေ ယူဆောင်ပြီး ဖေဖေနှင့်ဝေးရာ တိုက်အပေါ်ထပ်သို့ပြေးတက်သွားကာ ဖတ်ရှုပုံ၊ ထိုကဲ့သို့ မေမေ့ဝတ္ထုလေး ကို မေမေဖတ်နေသည့်အခိုက်မှာ ကျွန်တော် မေမေ့ နောက်မှ အသာပြေး လိုက်၍ မေမေ့မျက်နှာလေးကို ချောင်းမြောင်းကြည့်ရှုကာ ကျွန်တော် ကိုယ်တိုင်သည်လည်း မေမေ့ဆီက အပြုံးအပျော်များ ကူးစက်ကာ ကြည်နူးချမ်းမြေ့ရပုံများကို ကျွန်တော်အမြဲတစေ ပြန်လည်မှတ်မိနေတတ် ပါသည်။

နောက်တော့လည်း မေမေသည် ကျောင်းဆရာမအလုပ်မှ ထွက် ပစ်လိုက်ပါသည်။ ဖေဖေ၏လုပ်ငန်းခွင်မှာ မေမေက ကူညီရသည်။ ဖေဖေသည် ထိုင်းမှိုင်းညစ်ကျူစွာ လူတွေကို ဆက်ဆံတတ်၏။ သို့သော် ဖေဖေသည် မျက်နှာထားတင်းတင်းထားလိုက်၊ မျက်နှာချိုချို လုပ် လိုက်ဖြင့် လူတွေကိုဆက်ဆံတတ်ပြန်ပါ၏။ မေမေကတော့ လူတွေကို

mgyoe.com

mgyoe.com


ရှင်လန်းတည်ငြိမ်စွာ ဆက်ဆံနိုင်တာကို ကျွန်တော်တွေ့ရ၏။ ဒါက လည်း ပြုပြင်ဟန်လုပ်ထားခြင်းမဟုတ်ဘဲ မေမေ၏ပင်ကိုမျက်နှာ၊ ပင်ကို အပြုံးပင် ဖြစ်ပါ၏။ လူတွေက မေမေနှင့် ဆက်ဆံရတာကို ပျော်သည်။ မေမေ့မျက်နှာမှာ ရှင်းလင်းမှုကို ကျွန်တော်တွေ့ရသည်။ လူတွေက မေမေ့ ကိုချစ်ခင်ကာ မေမေ့အပေါ်မှာ မဟုတ်တာ၊ မရိုးသားတာ မလုပ်ကြပေ။

ကျွန်တော်ကတော့ ကျွန်တော့်မြို့အရှေ့ဘက်က ဈေးတစ်ခုဆီ မေမေနှင့်အတူတူ သွားခွင့်ရခြင်းအတွက် အရမ်းဝမ်းသာသည်။

ထိုဈေးထဲမှာ နွားလှည်းကိရိယာ တန်ဆာပလာတွေရောင်းသည်။ တောင်းတွေ၊ ပလုံးတွေ၊ ဖျာကြမ်းတွေရောင်းသည်။ ပဲတွေ ရောင်းသည်။ ချည်ကြိုးမျိုးစုံရောင်းသည်။ ချည်ပုဆိုးတွေရောင်းသည်။ ဆန်တွေ စုပုံ ရောင်းသည်။ ဈေးထဲမှာ ရွှေဆိုင်တွေကလည်း အများကြီးဖြစ်ရာ တောင်သူတွေက သီးနှံပေါ်ချိန်မှာ ရွှေလာဝယ်ကြပြီး သီးနှံစိုက်ပျိုးချိန်မှာ သူတို့စုထားဆောင်းထားကြသည့် ရွှေတိုရွှေစတွေ ပြန်လာရောင်းတတ် ပြန်ပါသည်။

ကျွန်တော်၏မေမေသည် ဈေးထဲမှ ဈေးသည်တွေအားလုံးနှင့် ပြုံးပြုံးရွှင်ရွှင် ခင်ခင်မင်မင် ဆက်ဆံတတ်သည်။

ကျွန်တော်တို့ နေအိမ်မှ မေမေနှင့်အတူ ဈေးသို့သွားသည့်အခါ တိုင်း ကျွန်တော်တို့မှာ ဖေဖေ့ကားကို စီးလေ့မရှိကြပါချေ။

"သားဖေဖေရဲ့ကားနဲ့သွားမယ့်အစား မြင်းလှည်းနဲ့သွားရတာပဲ ကောင်းပါတယ် သားရယ်။ မေမေ့သားလေးက မြင်းလှည်းစီးရင်းနဲ့ မြင်းခွာသံလေးတွေ ကြားရတယ်၊ မြင်းခြူသံလေးတွေ ကြားရတယ်။ မေမေ့အဖို့မှာလည်း မြင်းလှည်းပေါ်မှာ ဈေးသည်တွေ ဈေးဝယ်တွေနဲ့ ဆုံစည်းရတယ်။ မြင်းလှည်းဆရာဟာ သူ့မြင်းကို ကျာပွတ်နဲ့ ခဏခဏ ရိုက်တာတော့ မေမေ မကြိုက်ဘူးပေါ့ကွယ်"

mgyoe.com

mgyoe.com


"သားကတော့ မြင်းကို ကျာပွတ်နဲ့ရိုက်တာကို သိပ်သဘောကျတယ် မေမေ။ မြင်းကျောကုန်းကို ကျာပွတ်ကြိုးထိတဲ့အခါ ရွှမ်းရွှမ်းလို့ မြည်တာကို သားကြိုက်တယ် မေမေရဲ့။ အဲလိုအခါကျတော့လေ မြင်းက တအားပြေးတယ်။ မြင်းခွာသံတွေဆူညံပြီး သားတို့ ဈေးကို မြန်မြန် ရောက်တယ်။ ဈေးက ပြန်ရင်လည်း အိမ်ကို မြန်မြန်ရောက်တယ် မေမေ"

"သားက ငယ်သေးတာကိုးကွဲ့။ မြင်းကျောပေါ်မှာ ကျာပွတ် ကျရောက်တော့ မြင်း အသားနာသွားတာကိုရော သားက ကြိုက်နိုင်တာပဲလား"

"အဲနော် ... အဲဒီလို မြင်းအသားတွေနာသွားတာ၊ စပ်သွားတာကိုတော့ သားမကြိုက်နိုင်ပါဘူးမေမေ။ သားတို့အိမ်နဲ့ဈေးနဲ့ အဝေး အဝေးကြီးဆိုရင်တော့ ကောင်းမယ်။ အဲဒါဆိုရင် သားဟာ မြင်းလှည်းကို အကြာကြီးစီးရမယ်၊ နော် မေမေ နော်"

ကျွန်တော်နှင့် မေမေသည် အိမ်ရှေ့မှပင် ဈေးကိုသွားမည့် မြင်းလှည်းတစ်စီးစီးကို စောင့်စားကြသည်။

ဟောဟိုမှာ ခြူသံလွင်လွင်နှင့် မြင်းလှည်းလေးတစ်စီး လာနေပြီ။ ဖေဖေက အလုပ်စားပွဲမှာပဲ ထိုင်မြဲထိုင်နေပေလိမ့်မည်။ မြင်းလှည်းဆရာက မြင်းဇက်ကြိုးကို သတ်လိုက်ပြီး သူ့မြင်းကို ရပ်စေပါသည်။ ကျွန်တော်နှင့်မေမေ မြင်းလှည်းပေါ်သို့ တက်ထိုင်လိုက်ကြပါသည်။

မေမေသည် ဈေးအသွား မြင်းလှည်းပေါ်မှာဖြစ်စေ၊ ဈေးအပြန် မြင်းလှည်းပေါ်မှာဖြစ်စေ တောသူတောင်သားများကို မေမေ ပိုမို စိတ်ဝင်စားတတ်ကြောင်း ကျွန်တော် တွေ့ရပါ၏။ မေမေက သူတို့ကို သည်နှစ် ဝါဂွမ်းများများ ထွက်သလား၊ ထွက်လာသည့် ဝါဂွမ်းတွေကို ဘယ်လို ပုံသဏ္ဌာန်ဖြင့် ရောင်းချသလဲ၊ ဈေးကွက်စီးပွားရေးစနစ်မှာ လွတ်လပ်မှု ပိုရှိသလား၊ ဘာပဲမျိုး၊ ဘာနှမ်းမျိုးကို စိုက်ပျိုးထားကြသလဲ၊ ပဲစင်းငုံ

mgyoe.com